**သမားရိုးကျမဟုတ်သောဘာသာပြန်မှု**

**<u>တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ညီလာခံအစည်းအဝေးမှထုတ်ပြန်ကြေငြာချက်</u>**

၂၀၁၄ခုနှစ်၊ဇူလိုင်လ (၂၄ )ရက်မှ (၂၉ )ရက်နေ့ထိကျင်းပသောတနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးအသင်း  (NCCT)အဖွဲ့ဝင်များ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးနှင့်ဇူလိုင်လ (၃၀ )ရက်မှ (၃၁ )ရက်နေ့ထိကျင်းပသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထိပ်သီးခေါင်းဆောင်များအစည်းအဝေးတို့ကိုလိုင်ဇာမြို့တွင်အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းစုစုပေါင်း (၁၈ )ဖွဲ့မှထိပ်သီးခေါင်းဆောင် (၁၁၅ ) ဦး၊ကိုယ်စားလှယ်များနှင့်လေ့လာသူများစသည်တို့မှအစည်းအဝေးများကိုတက်ရောက်ခဲ့ကြသည်။၎င်းတို့မှဆွေးနွေးမှုများကိုလှိုက်လှိုက်လှဲလှဲဆွေးနွေးခဲ့ကြပြီးဆုံးဖြတ်ချက်များကိုတညီတညွတ်တည်းအတည်ပြုနိုင်ခဲ့ကြသည်။ အစည်းအဝေးတွင်ကနဦးလိုင်ဇာ-လော်ခီးလာစိတ်ဓာတ်များနှင့်လိုင်ဇာစည်းလုံးညီညွတ်မှုများဖြစ်ပေါ် ခဲ့သည်ကိုမြင်တွေ့ခဲ့ကြသည်။

အလားတူ UNအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံအတွက်အထူးသံတမန်ဘီဂျေးနမ်ဘီးယားနှင့်၎င်း၏ အဖွဲ့၊တရုတ်ပြည်ထောင်စုသမ္မတနိုင်ငံတော်အာဆီယမ်ရေးရာအထူးသံတမန်ဝမ်ရင်ဖန်း၏ လက်ထောက်တန်ရင်နှင့်အဖွဲ့တို့သည်မြန်မာနိုင်ငံ၏ တော်လှန်ရေးသမိုင်းတွင်အလားအလာကောင်းသောဖွံ့ဖြိုးတိုးတက်မှုများနှင့်ထူးခြားမှုများရှေ့ပြေးရောက်ရှိနေပြီဟုအစည်းအဝေးတက်ရောက်ရာတွင်ပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် UNအထွေထွေအတွင်းရေးမှူး၏ ချီးကျူးဂုဏ်ပြုစာလွှာကိုယူအမ်အထွေထွေအတွင်းရေးမှူးအထူးကိုယ်စားလှယ်မှဖတ်ကြားခဲ့ခြင်းကို၎င်းတို့မှဂုဏ်ယူဝမ်းမြောက်စွာလက်ခံခဲ့  သည်။

အစည်းဝေးပထမပိုင်းတွင်တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA ပထမမူကြမ်း )၏ ဒုတိယမူကြမ်းအပေါ် မချွင်းမချန်နှိုင်းချိန်ထားသည့် NCCTမှတင်သွင်းလာသောအစီအရင်ခံစာကို NCCTနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင် (UPWC)တို့၏ မူကြမ်းရေးဆွဲသူများမှအတူတကွပြုစုခဲ့ကြပြီးထင်မြင်ချက်များကိုတပေါင်းတစည်းတည်းစုစည်းကာအခြေခံမူ (၁၀ )ချက်ကိုအောင်မြင်စွာချမှတ်နိုင်ခဲ့ကြသည်။

ထို့ပြင်အစည်းအဝေးဒုတိယပိုင်းတွင် NCAမူကြမ်းကို NCCTမှအပြီးသတ်လုပ်ဆောင်ရန်တာဝန်ပေးအပ်ခဲ့ပြီးဤညီလာခံအစည်းအဝေးမှ NCCTအားဖြစ်နိုင်လျှင် UPWCနှင့်အစည်းအဝေးကျင်းပရန်ညွှန်ကြားခဲ့သည်။

တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်ရေးထိုးပြီးနောက်ပိုင်းအနာဂတ်အစီအစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံရေးအချီချဆွေးနွေးမှုများအတွက်အစီစဉ်များရေးဆွဲခြင်းနှင့်နိုင်ငံရေးအချီချဆွေးနွေးပွဲများစတင်ပြုလုပ်ရန်အတွက်ကြိုးပမ်းအားထုတ်ခြင်း။

(ခ) တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း)တွင်ပါဝင်သောနိုင်ငံရေးဆိုင်ရာလမ်းပြမြေပုံအရအစည်းအဝေးနှင့်ဆွေးနွေးပွဲများကိုအတိုင်းအတာကျယ်ကျယ်ပြန့်ပြန့်ကျင်းပပြုလုပ်ခြင်းနှင့်ပြည်ထောင်စုသဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည့်တိုင်အောင်လှုပ်ရှားဆောင်ရွက်မှုများနှင့်ပက်သက်၍တိုင်ပင်ညှိနှိုင်းမှုများနှင့်ဆွေးနွေးမှုလုပ်ဆောင်ခြင်းများကိုအတိုင်းအတာကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်း။

(ဂ) တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးနှင့်စပ်လျဉ်း၍အရေးပေါ် အခြေအနေများတွင်စည်းမျဉ်းစည်းကမ်းများအပေါ် ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်လာပါကNCCTမှအဖွဲ့အစည်းများ၏ထိပ်သီးခေါင်းဆောင်များကိုအစည်းအဝေးခေါ် ယူရန်။

ဤအကြောင်းကြောင့်ညီလာခံနှစ်ခုစလုံးမှနိုင်ငံသားတိုင်းရင်းသားအားလုံး၏အမျိုးသားရေးဆိုင်ရာနိုင်ငံရေးရည်ရွယ်ချက်များနှင့်ရည်မှန်းချက်များဖြစ်ကြသည့်ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီအခွင့်ရေး၊ တန်းတူညီတူရှိမှုအခွင့်အရေးနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ရေးစသည့်ထူထောင်မှုအခြေခံသဘောတရားများကိုငင်းတို့မှတသတ်မတ်တည်းအတည်ပြုမည်ဖြစ်ကြောင်းတရားဝင်ကြေငြာလိုက်သည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များညီလာခံအစည်းအဝေး
လိုင်ဇာမြို့။
ဇူလိုင်လ(၃၁)ရက်၊၂၀၁၄။